ကျောင်းအမည်။ ။ **မိုးသောက်ကြယ်ပွင့်များ ဥသသုံခေါင်းဆောင်မှုတက္ကသိုလ်**

ကျောင်းကာလ။ ။ ၁ နှစ်

နေရာ ။ ။ အမှတ်၅၄၊ မြမင်္ဂလာလမ်း၊ မြသီတာရပ်ကွတ်၊ ပျဥ်းမပင်ကျေးရွာအုပ်စု၊

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

## အခြေပြုကျမ်းချက်

ခရစ်တော်၏ ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ ထိုသခင်သည် အချို့တို့ကို သင်းအုပ်အရာ၊ အချို့တို့ကို ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏။ (ဖေက် ၄ : ၁၁-၁၂)

သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။(မဿဲ ၂၈း၁၉)

## ရည်ရွယ်ချက်

သင်းအုပ်များ/အသင်းတော်ခေါင်းဆောင်/အမှုတော်ဆောင်ဆရာ ဆရာမများအား လက်တွေ့ဆောင် ရွက်ရန်၊ သင်းအုပ်ကောင်း/ အသင်းတော်ခေါင်းဆောင်ကောင်း/အမှုတော်ဆောင်ကောင်းတစ်ဦး အတွက် လုံလောက်သောအရည်အချင်းနှင့် ထိရောက်စွာအမှုတော်ဆောင်ရွက်နိုင်ရန်၊ သမ္မာကျမ်းစာ နှင့်စပ်လျဥ်း၍ ဓမ္မပညာလိုအပ်သောအမှုတော်ဆောင်များအတွက် သမ္မာကျမ်းစာကိုပိုမိုသိရှိနားလည် နိုင်ရန်၊ ခရစ်တော်ကဲ့သို့ဝန်းကျင်ကို ပြောင်းလဲပေးနိုင်သော အမှုတော်ဆောင်ကောင်းများ ပေါ်ထွက်လာနိုင်ရန်ရည်ရွယ်ပါသည်။

## အကျိုးကျေးဇူး

သင်းအုပ်/အသင်းတော်ခေါင်းဆောင်များ/အမှုတော်ဆောင်များအတွက် ဆက်လက်၍အမှုတော်မြတ်လုပ်ငန်း ကို လုပ်ဆောင်သွားနိုင်ရန်၊အခြေခံကောင်း(သို့) သုတေသနပြုရန်အတွက် စာကြည့်တိုက်တစ်ခုဖြစ်နေသည့် အပြင်၊ သင်းအုပ်/အသင်းတော်ခေါင်းဆောင်/အမှုတော်ဆောင်များအား နှစ်ပေါင်းများစွာ နှုတ်ကပတ်တော် ဝေငှခြင်း၊ သမ္မာကျမ်းစာသင်ကြားပေးခြင်းနှင့် အအမှုတော်မြတ်လုပ်ငန်းတွင် ထိရောက်စွာဖြင့်အချက်အလက် မြောက်များစွာ ပေးနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ဝန်းကျင်အတွက်လည်း ထိရောက်ထက်မြက်ကာ ခရစ်တော် ကဲ့သို့သော ဝန်းကျင်ကို ပြောင်းလဲပေးနိုင်သောသူများဖြစ်လာနိုင်မည့်အပြင် online ဖြစ်သောကြောင့် မိမိရှိသည့်နေရာမှ အလုပ်အကိုင်မပျက် သင်ကြားခံယူနိုင်မည်ဖြစ်သည်။

**Stars Of Dawn Wholistic Leadership Institute**

**မိုးသောက်ကြယ်ပွင့်များ ဥဿုံခေါင်းဆောင်မှု တကသိုလ်**

သင်းအုပ်/ အသင်းတော်ခေါင်းဆောင်/ အမှုတော်ဆောင်များအတွက် Online သမ္မာကျမ်းစာကျောင်း

ဝင်ခွင့်လျှောက်လွှာပုံစံ

(၁ နှစ်)

၁။ မိဘားစုနှင့် လျှောက်ထားသူ၏ အချက်အလက်များ

(က) အမည် (မြန်မာ) ______________________ (အဂလိပ်) ______________________

(ခ) မှတ်ပုံတင်အမှတ် ______________________ လူမျိုး ______________________

(ဂ) ပညာအရည်အချင်း ______________________

(ဃ) ဖခင်အမည် ______________ အလုပ်အကိုင် ______________ လူမျိုး/ဘာသာ ______________

(င) မိခင်အမည် ______________ အလုပ်အကိုင် ______________ လူမျိုး/ဘာသာ ______________

(စ) နေရပ်လိပ်စာ ____________________________________________

(ဆ) ဆက်သွယ်ရမည့်နေရပ်လိပ်စာ (သို့) လက်ရှိနေရပ်လိပ်စာအပြည့်အစုံ

တယ်လီဖုန်း ______________________ E-mail ______________________

ပြည်နယ်/ တိုင်း ______________________ မြို့နယ် ______________________

ရပ်ကွက် ______________________ ကျေးရွာ ______________________

အိမ်အမှတ် ______________________ လမ်း ______________________

(ဇ) မွေးသကရာဇ် ______________________ မွေးဖွားသည့်နေရာ ______________________

(ဈ) လျှောက်ထားသူနှင့်ပတ်သက်၍

☐ လူပျို/အပျို ☐ စေ့စပ်ထားသူ ☐ လက်ထပ်ပြီး ☐ မုဆိုးဖို/မုဆိုးမ

<u>ဝင်ခွင့်လျှောက်လွှာဖြည့်စွက်ရန် (ရုံးလက်ခံ)</u>

ဝင်ခွင့်လျှောက်လွှာအပြည့်အစုံ လက်ခံရရှိကြောင်း

လက်ခံသူလက်မှတ် ______________________

လက်ခံသူအမည် ______________________

လက်ခံသည့်နေ့စွဲ ______________________

<u>ဝင်ခွင့်လျှောက်ထားသူ</u>

လက်ခံသူလက်မှတ် ______________________

လက်ခံသူအမည် ______________________

လက်ခံသည့်နေ့စွဲ ______________________

<u>အကယ်၍ အိမ်ထောင်ရှိလျှင်</u>

ဇနီး/ခင်ပွန်းအမည် ______________________

အကယ်၍နေရပ်လိပ်စာမတူညီပါက ဖော်ပြရန် ______________________

လက်ထပ်သည့်နေ့စွဲ ______________________

အကယ်၍သား၊ သမီးရှိလျှင်ဖော်ပြရန်

| သား၊ သမီး၏အမည် | အသက် | အလုပ်အကိုင် |
|---|---|---|
| | | |
| | | |
| | | |
| | | |

သင့်ဇနီး (သို့) ခင်ပွန်းသည် ခရစ်ယာန်ဖြစ်ပါသလား။

☐ ဟုတ်ပါသည် ☐ မဟုတ်ပါ

၂။ ယခုတက်ရောက်မည့် "သင်းအုပ်/ အသင်းတော်ခေါင်းဆောင်/ အမှုတော်ဆောင်များအတွက် Online သမ္မာကျမ်းစာကျောင်း"အား မည်ကဲ့သို့ သိရှိခဲ့ပါသနည်း။ အကျဥ်းချုပ်ရှင်းပြပါ။

၃။ ပညာရေးနှင့်ပတ်သက်၍ လျှောက်ထားသူ၏ အချက်အလက်များ

(၁) သင်နောက်ဆုံးတက်ရောက်ခဲ့သည့် အတန်း ______________________

(၂) သင့်အနေဖြင့် ဓမ္မတကသိုလ် (သို့) ကောလိပ် (သို့) သင်တန်းကျောင်းတစ်ခုခုသို့ တက်ရောက်ခဲ့ပါသလား။ ရှိပါကဖော်ပြရန်။

☐ တက်ရောက်ခဲ့ပါသည်။ ☐ မတက်ရောက်ခဲ့ပါ။

တက်ရောက်ခဲ့သည့်ကျောင်း ______________________

______________________

ခုနှစ် ______________________

______________________

၄။ (၁) မိမိ၏အသင်းတော်၊ ဂိုဏ်းဂဏနှင့် သာသနာအဖွဲ့အစည်း

(က) အသင်းတော်အမည် ______________________

(ခ) အသင်းတော်လိပ်စာ ______________________

(ဂ) သင်းအုပ်အမည် ______________________

(ဃ) ဂိုဏ်းဂဏ ______________________

(င) သာသနာအဖွဲ့အစည်း ______________________

လက်ရှိပါဝင်နေသော အသင်းတော်၊ ဂိုဏ်းဂဏနှင့် သာသနာအဖွဲ့အစည်း

(က) အသင်းတော်အမည် ____________________

(ခ) အသင်းတော်လိပ်စာ ____________________

(ဂ) သင်းအုပ်အမည် ____________________

(ဃ) ဂိုဏ်းဂဏ ____________________

(င) သာသနာအဖွဲ့အစည်း ____________________

(၂) အကယ်၍ သင့်အနေဖြင့် သင်းအုပ်တစ်ပါးဖြစ်ပါက သင့်အသင်းတော်၏ အခြေအနေအား အကျဉ်းချုပ်၍ အနည်းငယ်ဖော်ပြပါ။

၅။ အမှုတော်ဆောင်ခြင်း

(၁) သင့်အနေနှင့် အမှုတော်ဆောင်ခြင်းအတွေ့အကြုံရှိပါက ဖော်ပြပါ။

အမှုတော်ဆောင်ခဲ့သည့်နေရာ ____________________

အချိန်ကာလ __________ မှ __________ ထိ

အမှုတော်ဆောင်ခြင်း အမျိုးအစား ____________________

(ဥပမာ- သင်းအုပ်၊ ဧဝံဂေလိဆရာ၊ အသင်းတော်အမှုဆောင်၊ သင်းထောက်၊ ဓမပညာ/ ဥပုသ်စာဖြေကျောင်းဆရာ စသည်ဖြင့်...)

(၂) သင့်အနေဖြင့် သိက္ခာတော်ရဆရာ ဖြစ်ပါသလား။

☐ ဖြစ်ပါသည်။ ☐ မဖြစ်ပါ။

အကယ်၍ဖြစ်လျှင် မည်သူအားဖြင့် မည်သည့်ခုနှစ်တွင် လက်တင်မင်္ဂလာ ခံယူခဲ့သနည်း။

______________________________

# ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

ဘာသာရပ်တစ်ခုစီတိုင်းအတွက် ကုန်ကျငွေ - ၃၀,၀၀၀ ကျပ်

မှတ်ချက် ။ ။ ၄င်းဘာသာရပ်အတွက်

(ကျူရှင် + စာအုပ်စာတမ်း + ရုံးလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များ အားလုံးပါဝင်ပြီးဖြစ်သည်။)

သင်ခန်းစာ (၁၀) ခုရှိမည်ဖြစ်သည်။

သင်တန်းကုန်ကျစရိတ်အား (၃)လတစ်ကြိမ် ပေးသွင်းရန်ဖြစ်သည်။

**ကျောင်းတက်ရောက်မည့် ကျောင်းသား/ကျောင်းသူများ သိရှိရန်အချက်များ။**

၁။ ရင့်ကျက်သော ယုံကြည်သူဖြစ်ရမည်။

၂။ နှစ်ခြင်းခံပြီးသူဖြစ်ရမည်။

၃။ အသက် ၂၀နှင့်အထက်ရှိသူဖြစ်ရမည်။

၄။ အမှုတော်ဆောင်သက်တမ်း အနည်းဆုံး ၂နှစ်ရှိပြီးသူဖြစ်ရမည်။

၅။ မိမိတက်ရောက်သည့် သင်ခန်းစာအချိန်များအား မပျက်မကွက်တက်ရောက်ရမည်။

၆။ ဆရာ/ဆရာမများမှ ပေးထားသည့်လုပ်ဆောင်ရမည့်အရာများကို အချိန်မှီပြီးစီးရမည်။အကြောင်းအမျိုးမျိုး ကြောင့် မပြီးစီးနိုင်ပါက သင်ကြားပေးသည့်ဆရာ/ဆရာမများထံကြိုတင်ခွင့်တိုင်ကြားပြီး ခွင့်ပြုချက်ရမှသာ သတ်မှတ်ချိန် ရွှေ့နိုင်မည်ဖြစ်သည်။

## <u>ကျွန်ုပ်တို့၏ယုံကြည်ချက်</u>

ဤဩဝါဒခံယူချက်သည် ကျယ်ကျယ်ပြန့်ပြန့် တိတိကျကျနှင့်သမ္မတရားကို လေးလေးနက်နက်ခံယူမှုအပေါ် ရောင်ပြန်ဟပ်စေသည်။ သမ္မာကျမ်းစာနှင့်ကိုက်ညီမှုရှိသည်၊ သမိုင်းကြောင်းနှင့်အတွေ့အကြုံများ၏ စမ်းစစ်မှု နှင့် ကိုက်ညီမှုရှိသည်။ သမိုင်းကြောင်း၊ အတွေ့အကြုံများ၏ စမ်းစစ်မှုနှင့်ရပ်တည်ခဲ့သည်။ ကျွန်ုပ်တို့သည် အောက်ပါ ဩဝါဒများကို အသေးစိပ်အခိုင်အမာအတည်ပြုပါသည်။

၁။ <u>သမ္မာကျမ်းစာ</u>

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတစ်အုပ်လုံးအား ဘုရားသခင်မှုတ်သွင်းထားသော နှုတ်ကပတ်တော်ဖြစ်ပြီး သမ္မာကျမ်းစာထဲရှိ စကားလုံးတိုင်းကိုရေးသားဖို့ရန် ဘုရားသခင်၏လူများသည် သန့်ရှင်းသောဝိညာဥ်တော် အားဖြင့် တိုက်တွန်းခြင်းခံရသည်ဟုယုံကြည်ပါသည်။ ထို့ကြောင့်မူရင်းသမ္မာကျမ်းစာသည် အမှားအယွင်းမရှိ ပါ။ ဘုရားသခင်သည် သမ္မာကျမ်းစာကိုအထူးပြင်ဆင်ထားသောအရာဖြစ်ပြီး အားထားရန်တစ်ခုတည်းသော အရာဖြစ်ကာ ယုံကြည်ခြင်းနှင့် အသက်တာအတွက် ခွန်အားပေးခြင်း၊ လမ်းညွှန်ပေးခြင်း၊ နှစ်သိမ့်ပေးခြင်းဖြစ် ပြီး ဖြောင့်မတ်ခြင်းအတွက် နည်းလမ်းတကျ သွန်သင်ပေးသည့်အရာဖြစ်ကြောင်းယုံကြည်ပါသည်။ (၂တိ ၃း၁၆-၁၇၊၂ပေ ၁း၂၀-၂၁)

၂။ <u>တစ်ဆူတည်းသောဘုရား(သုံးပါးတစ်ဆူ)</u>

ကျွန်ုပ်တို့သည်ပုဂ္ဂိုလ်သုံးပါးတွင် (ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဥ်တော်) အထင်အရှား ထာဝရတည်ရှိ၍ တစ်ဆူတည်းသောဘုရားဖြစ်ပြီး ပုဂ္ဂိုလ်တစ်ပါးစီတိုင်းသည် တူညီမျှသောဘုရားဖြစ်ကာ ထိုသုံးပါးစလုံးသည် ဘုရားဖြစ်ခြင်း၏ သဘောသဘာဝနှင့် လက္ခဏာကိုပိုင်ဆိုင်ကြသည်။ ထိုသုံးပါးတစ်ဆူ ဘုရားသည် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းကို အပြည့်အဝခံထိုက်သည်ဟု ယုံကြည်ပါသည်။ (တရားဟော၊ ၆း၄၊ မဿဲ ၂၈း၁၉၊ယော ၁း၄၊ ယော ၁၀:၃၀၊ ၂ကော ၁၃း၁၄)

၃။ <u>ခမည်းတော်ဘုရား</u>

ခမည်းတော်ဘုရားသခင်သည် သုံးပါးတစ်ဆူတွင် ပထမပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီး ထာဝရတည်ရှိသောဘုရားဖြစ်၍ မပြောင်းလဲသော၊ တန်ခိုးနှင့်ပြည့်စုံသော အရာခပ်သိမ်းကိုသိ၍ ချစ်ခြင်းမေတ္တာရှင်ဖြစ်သည်။တရားမျှတ၍ သန့်ရှင်းသောဘုရားဖြစ်ပြီး အချုပ်အခြာအာဏာပိုင်သောဘုရားဖြစ်သည်။ စကြဝဠာတစ်ခုလုံးကို ထိန်းချုပ်သောဘုရားဖြစ်၍ ကယ်တင်ရှင်သခင်ယေရှု၏ ခမည်းတော်ဖြစ်ပြီး ယုံကြည်သူအားလုံး၏အရှင်လည်း ဖြစ်သည်ဟု ယုံကြည်ပါသည်။

၄။ <u>သားတော်ဘုရား</u>

ယေရှုခရစ်သည် သုံးပါးတစ်ဆူတွင် ဒုတိယပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီး ထာဝရဘုရားသခင်၏တစ်ပါးတည်းသော သားတော် ဖြစ်ကာ လောကရှိအပြစ်သားအားလုံး ဘုရားကိုမြင်စေရန်အတွက်၊ အနာဂတ္တိစကားပြည့်စုံစေလျက် လူ့ဇာတ္တိကို ခံယူကြွလာသော ဘုရားဖြစ်သည်။ ဘုရားဇာတိ လူ့ဇာတ္တိအပြည့်အဝရှိလျက် ထိုနှစ်ပါးသည်လည်း တစ်လုံးတစ်ဝတည်းဖြစ်ကာ ထာဝရတည်တံ့သော အရာဖြစ်သည်။ ယေရှုခရစ်တော်ဘုရားသည် သန့်ရှင်းသော ဝိညာဥ်တော်အားဖြင့် ထူးခြားစွာပဋိသန္ဓေတည်၍ အပျိုကညာ၀မ်းမှ မွေးဖွားခဲ့လျက် အပြစ်လုံးဝကင်းစင်လျက် လက်ဝါးကပ်တိုင်ပေါ်တွင် အပြစ်သားအားလုံးအတွက် အပြစ်ဖြေရာယဇ်ကောင်အနေ ဖြင့်အသေခံ၍ သင်္ဂြိုလ်ခြင်းကိုခံပြီးမှ ခန္ဓာကိုယ်တော်အားဖြင့်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခဲ့သည်။ ယေရှုခရစ်တော်ဘုရား သည် မိမိ၏ဘုန်းတော်နှင့် ကောင်းကင်ဘုံသို့တက်ကြွတော်မူခဲ့ပြီး ခမည်းတော်ဘုရား၏ လက်ယာတော်တွင်ထိုင်လျက် ယုံကြည်သူများအတွက် ဆုတောင်းပေးလျက်ရှိနေပြီး ၊ မြေကြီးပေါ်သို့ တစ်ဖန်ကြွလာလျက် ယုံကြည်သူများကို ပြန်လည်သိမ်းဆည်းဖို့ရန် ခန္ဓာတော်အားဖြင့်ကြွလာမည်ဖြစ်ပြီး လူ့သမိုင်းကို အဆုံးသတ်စေပြီး ဘုရားသခင်၏ ထာဝရအကြံစည်တော်ဖြစ်သော အနှစ်တစ်ထောင်အုပ်စိုးခြင်း ပြီးနောက် တရားစီရင်ခြင်းကို အကောင်ထည်ဖော် လုပ်ဆောင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။

(ယော၁း၁၊ ၁၄၊၁၈၊၃း၁၆၊ လု ၁း၃၀-၃၅၊ ဖိ ၂း၅-၈၊ ကော ၂း၃၊ မာကု ၁၀း၄-၅၊ တ၂း၂၂-၂၄၊ ယော ၁း၂၉၊ ရောမ ၃း၂၅-၂၆၊ဟေ ၁၀း၅-၁၄၊ ၁ပေ ၂း၂၄၊၃း၁၈၊ ယော ၂၀း၂၀၊ ဟေဗြဲ ၁း၃၊ ရောမ ၈း၃၄၊ ၁ယော ၂း၁၊တမန် ၁း၁၁၊ဟေဗြဲ ၉း၂၈၊ ၁သက် ၄း၁၃-၁၈၊ ၂သက်း၂း၇၊ မဿဲ ၂၄း၄၄၊ ဗျာ ၁၉း၁၁-၂၁၊၂၁း၂၂)

## ၅။ သန့်ရှင်းသော ဝိညာဥ်တော်ဘုရား

သန့်ရှင်းသောဝိညာဥ်တော်ဘုရားသည် သုံးပါးတစ်ဆူတွင် တတိယပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီး ခရစ်တော်ဘုန်းတော်ထင်ရှားစေရန် ပင်တေကုတ္တေနေ့၌ လောကသို့ဆင်းသက်လာပြီး လူသားများခရစ်တော်အားဖြင့် ကယ်တင်ခြင်း ရရှိရန်ပြုလုပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဥ်တော်ခွန်အားပေးခြင်း နှင့် အပြစ်အတွက်ဆုံးမပဲ့ပြင်ခြင်းတွင် အဓိကလုပ်ဆောင်ပေးသောသူဖြစ်သည်။ သန့်ရှင်းသောဝိညာဥ်တော်ဘု ရားသည် ယုံကြည်သူများအား ယေရှုခရစ်တော်၌ ဗတ္တိဇံအားဖြင့် အသက်တာသစ်နှင့်ကယ်တင်ခြင်းအားဖြစ် ပွားစေကာ ယုံကြည်သူအသက်တာ၌ထာဝရတည်ရှိ၍ ကယ်တင်ခြင်းနေ့ရက်တိုင်အောင် ယုံကြည်သူများကို တံဆိပ်ခတ်သည်။ သန့်ရှင်းသောဝိညာဥ်တော်ဘုရားကိုအုပ်စိုးခွင့်ပြုသူတိုင်းအား သန့်ရှင်းသောဝိညာဥ်တော် နှင့် ပြည့်ဝပြီး  လမ်းပြပို့ဆောင်ကာဝိညာဥ်အသီးသီးစေလျက် အပြစ်တရား၏အုပ်စိုးခြင်းအောက်မှ လွတ်မြောက်ခွင့်ပေးသည်။ သမ္မာကျမ်းစာသွန်သင်ချက်နှင့်အညီ အသင်းတော်ကိုကြီးထွားစေသော ရည်ရွယ်ချက်နှင့် ယုံကြည်သူများအား ဝိညာဥ်ဆုကျေးဇူးကို ပေးခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။

( ၁ကော ၁၃း၈၊ ၁ကော ၁၄း၂၂၊ ယော ၁၆း၇-၁၅၊ ၁ကော ၆း၁၉၊ ၁၂း၁၃၊  ဖေက် ၁း၁၃-၁၄၊၄း၃၀၊ ဂလာ ၅း၁၆-၁၇၊ ၂၂-၂၃၊ ရောမ ၈း၅-၁၃၊ ၁ပေ ၄း၁၀-၁၁၊ ရောမ ၁၂း၃-၈)

## ၆။ လူသား

ဘုရားသခင်၏လုပ်ဆောင်ချက်များအားဖြင့် လူသည်ဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီဖန်ဆင်းခံရသူဖြစ်သည် ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ လူသားသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရန် ဘုရားသခင်ကို အစေခံရရန်၊  ဘုရားသခင်ကို ကိုးကွယ်ရန်နှင့်ဘုရားဘုန်းတော်ထင်ရှားစေရန် ဖန်ဆင်းခြင်းခံရပါသည်။ ဘုရားသခင်ကို မနာခံခြင်းကြောင့် လူသားသည် အပြစ်သို့ကျဆင်းခဲ့ရသည်။ ထို့ကြောင့် ခန္ဓာနှင့် ဝိညာဥ်သေခြင်းဝင်ရောက် လာပြီး ဘုရားသခင်နှင့်ကင်းကွာစေသည်။ လူသားသည် အပြစ်တရားကြောင့် ပုပ်ပျက်သေဆုံးသောသူဖြစ်ခဲ့ရ သည်။ လူသားသည် မိမိကိုယ်မိမိ အပြစ်တရားမှကယ်တင်နိုင်စွမ်းမရှိပါ။ ဘုရားသခင်နှင့်လည်း မှန်ကန်သော မူလဆက်နွယ်မှုကို ပြန်လည်၍ရယူနိုင်စွမ်းမရှိကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။

(ကမ္ဘာ ၁း၂၆၊ ၂း၆၊၁၇၊၃း၁၇-၂၄၊ ဟေရှာ ၅၉း၁-၂၊ ရောမ ၃း၉-၁၉၊ ၅း၆-၈၊ လုကာ ၁၈း၂၆-၂၇၊ဖေကါ၂း၁-၃)

၇။ စာတန်

စာတန်သည် မကောင်းမှုကိုလှုံ့ဆော်သူဖြစ်ပြီး မကောင်းမှု၏စံပြရသောပုဂ္ဂိုလ်ဖြစ်သည်။ စာတန်သည် ကျဆင်းသော ကောင်းကင်တမန်ဖြစ်ပြီး ဘုရားသခင်အာဏာစက်၏လုပ်ဆောင်မှုအောက်၌ ကမ္ဘာမြေကို ယာယီအုပ်စိုးခွင့်ရသောသူဖြစ်သည်၊ စာတန်သည်လက်ဝါးကပ်၌ကျရှုံးခဲ့သည်သာမက ခရစ်တော်၏အနှစ် တစ်ထောင်အုပ်စိုးခြင်းကာလအပြီးတွင် တရားစီရင်ခြင်းခံရကာ ထာဝရငရဲမီးအိုင်သို့ ချလိုက်ခြင်းကိုခံရမည့် သူဖြစ်သည်။ ကြားကာလတွင် စာတန်သည်လောကကို လိမ်လည်လှည့်စားပြီး သူ၏နိုင်ငံတည်ထောင်ရန် ကြိုးပမ်းကာ ဘုရားသခင်၏နာမကို စော်ကားအလွဲသုံးစားပြုလျက် ယုံကြည်သူများကို ပျက်စီးဖို့ရန် နည်းအမျိုးမျိုးဖြင့် သွေးဆောင်ဖျက်ဆီးနေသူဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့၏ယုံကြည်ချက်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးအပေါ်မှီခိုခြင်းအားဖြင့် စာတန်ကိုခုခံနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါ သည်။ (ကမ္ဘာ ၃း၁-၅၊ဟေ ၁၄း၁၂-၁၇၊ယေဇကျေ ၂၈း၁၁-၁၉၊ယောဘ ၁း၂ ၁ယော ၅း၁၉၊ ၂ကော ၁၁း၁၄၊ ၁တိ ၃း၆၊ ၁ပေ ၅း၈-၉၊ ယာကုပ် ၄း၇၊ ဗျာ ၁၂း၉၊၂၀.၁-၃၊၇-၁၀)

၈။ ကယ်တင်ခြင်း

လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုခရစ်တော်အသွေးသွန်းလောင်းခြင်းသည် အပြစ်ကိုခွင့်လွှတ်ခြင်းနှင့် ကယ်တင်ခြင်း အတွက် တစ်ခုတည်းသောအခြေခံအကြောင်းအရာကို ဖြည့်ဆည်းပေးပြီး ထိုအရာသည် ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏ အခမဲ့လက်ဆောင်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ကယ်တင်ခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ အသက်တာသစ်ကိုပေးသော လုပ်ဆောင်ချက်ဖြစ်ပြီး လူသား၏လုပ်ဆောင်ချက်နှင့် ကောင်းမှုကုသိုလ်အားဖြင့်မရရှိနိုင်ပါ။ ယေရှုခရစ်တော်၏လုပ်ဆောင်ချက်ကို ယုံကြည်သောသူမှသာလျှင် ကယ်တင်ခြင်းကိုရရှိနိုင်သည်။ နောင်တတရားသည် အပြစ်တရားမှဖယ်ခွာပြီး ဘုရားသခင်ထံသို့ဦးတည်နေခြင်းဖြစ်သည်။ ဧဝံဂေလိတရားသည် ယုံကြည်သောသူအယောက်စီတိုင်း၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။ ယေရှုခရစ်ကို ယုံကြည်လက်ခံသောသူတိုင်းသည် ဒုတိယမွေးဖွားသောသူဖြစ်ကာ အပြစ်လွှတ်ခြင်းခံရပြီး ဘုရားသား/သမီးဖြစ်၍ ခရစ်တော်၌အသစ် သောသတ္တဝါဖြစ်သည့်အတူ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ခြင်းခံရပြီး ဘုရားသခင်၏စောင့် ရှောက်ခြင်းခံရကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ (ဖေက် ၁း၇၊၁၃-၁၄၊ ယော ၁း၁၂-၁၃၊ ၃း၁-၇၊ ၁၄-၁၆၊ ၂ကော ၅း၁၇၊ ရောမ ၁း၁၆၊ ၁၀.၉-၁၀၊ဖေက် ၂း၈-၁၀၊ရောမ ၈း၁၄-၁၇၊၃၁-၃၉၊ယော ၁၀.၂၇-၂၉၊၁၄း၆၊ တမန် ၂၆း၂၀၊ ၁ပေ ၁း၃-၅)။

၉။ ခရစ်ယာန်အသက်တာ

ယုံကြည်သူတိုင်းသည် မိမိအတွက်ရှင်သန်ခြင်းမဟုတ်ဘဲ ခရစ်တော်အတွက်ရှင်သန်ကြရမည်။ ခရစ်တော်ကို အသက်တာတွင် ခွင့်ပြုလျက် သန့်ရှင်းသော ဝိညာဉ်တော်ကို ကျိန်းဝပ်စေတော်မူခြင်းအားဖြင့် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန် ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံခြင်းအားဖြင့် ယုံကြည်သူအယောက် စီတိုင်းသည် ကြီးထွားရင့်ကျက်ပြီး ခရစ်တော်ကဲ့သို့ ဖြစ်ရမည်။ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးတော်၌ ယုံကြည်သူတိုင်းသည် မိမိ၏ဆန္ဒကိုဦးစားမပေးဘဲ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်ရမည်ဖြစ်ပြီး ခရစ်တော်၏ခန္ဓာကိုယ်ကိုတည်ဆောက်ဖို့ရန် ဝိညာဉ်ဆုကျေးဇူးကိုအသုံးပြုကာ ခရစ်တော်အတွက် သက်သေ ခံလျက် ခရစ်တော်၏ကြီးမြတ်သောစေခိုင်းမှုကို ပြည့်စုံစေရန် တပည့်တော်မွေးထုတ်ခြင်းကို တစ်ဦးချင်းပြု လုပ်ရမည်။ ဘုရားဘုန်းတော်ထင်ရှားစေရန်အတွက် ဝိညာဉ်အသီးများကိုသီးပြီး ကောင်းမွန်စွာလုပ်ဆောင်ရ မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ (ဂလာ ၂း၂၀၊ ၁ပေ ၁း၁၅-၁၆၊၂း၁၁၊ ၂ကော ၅း၁၄-၁၅၊ ရောမ ၆း၁၁-၁၃၊ ဖေက် ၂း၁၀၊ ၄း၂၂-၂၄၊ ၁ပေ ၄း၁၀-၁၁၊တမန် ၁း၈၊ မဿဲ ၂၈း၁၈-၂၀၊ ကော ၁း၁၀၊ ယော ၁၅း၈၊ ၁၆၊)

၁၀။ <u>အသင်းတော်</u>

ခရစ်တော်သည် ဦးခေါင်းဖြစ်ပြီး အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သည်။ခရစ်တော်၌ယုံကြည်သူ များသည် အင်္ဂါချင်းဖြစ်ကြသည်။ ဒေသန္တရအသင်းတော်သည် နေရာတစ်ခုတွင်မျက်မြင်ထင်ရှားတည်ရှိနေသော ခရစ်တော်၏ ကိုယ်ခန္ဓာချင်းများဖြစ်သော ကျွန်ုပ်တို့သည် တစ်ဝိ ဝိညာဥ်တည်းဖြစ်သည်။ ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အချင်းချင်းချစ်လျက် ညီညွတ်မှုတမှုရှိကာ ၊စည်းလုံညီညွတ်မှုရှိရမည်ဖြစ်ပြီး တူညီသော ရည်ရွယ်ချက်အပေါ်တွင် ရိုးရှင်းမှန်ကန်သော  သမ္မာကျမ်းစာအနက်ပြန်ဆိုမှုဆိုင်ရာဩဝါဒများ တူညီမှုရှိလျက်ကျင့်သုံးကာ ယင်းကျင့်သုံးမှုများသည် အမှုတော်ဆောင်ခြင်းကို အဟန့်အတားဖြစ်စေခြင်းနှင့် မညီးညွတ်မှုကို ဖြစ်စေမည်မဟုတ်ပါ။ အသင်းတော်၏ရည်ရွယ်ချက်သည် ခရစ်တော်ကိုမသိသေးသူများအား ခရစ်တော်ကို သိလာအောင်ပြုလုပ်ရန် ၊တပည့်တော်မွေးထုတ်ရန်နှင့်ဤလောက၌ ဘုရားဘုန်းထင်ရှားရန် ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ (တမန် ၁း၈၊ ၁ကော ၁၂း၁၂-၂၇၊ ဖေက် ၁း၂၀-၂၃၊ ၄း၁-၆၊၁၂-၁၆၊ မဿဲ ၂၈း၁၈-၂၀၊ ယော ၁၅၊ကော ၁း၂၄-၂၉)

အထက်ဖော်ပြပါ ကျွန်ုပ်တို့၏ယုံကြည်ချက်အား ကျွန်ုပ်အနေဖြင့် ယုံကြည်လက်ခံသဘောတူပါကြောင်း ဝန်ခံ ဂတိပြုပါသည်။

လက်မှတ် ________________________

<u>အမည်</u> ________________________

<u>နေ့စွဲ</u> ________________________

**Stars Of Dawn Wholistic Leadership Institute**

# မိုးသောက်ကြယ်ပွင့်များ ဥသုံခေါင်းဆောင်မှု တကသိုလ်

## အရည်အချင်းထောက်ခံချက်ပုံစံ

ဤထောက်ခံချက်များကို ကျွန်ုပ်ဖတ်ရှုခွင့်မရှိပါကြောင်းနှင့် ဖတ်ရှုမည်မဟုတ်ပါကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

____________________

ကျောင်းဝင်ခွင့်လျှောက်ထားသူ

---

လျှောက်ထားသူ(အမည်) ________________ သည် ဥသုံဖွံ့ဖြိုးရေးခေါင်းဆောင်မှုတကသိုလ်သို့ တက်ရောက်ရန် လျှောက်ထားပါသည်။ အောက်ပါဖော်ပြထားသော အချက်အလက်များကို ပြည့်စုံစွာဖော်ပြပေးခြင်းဖြင့် လျှောက်ထားသူအား များစွာအထောက်အကူပြုနိုင်ပါသည်။ စာအိတ်ပိတ်လျှက် ဝင်ခွင့်လျှောက်ထားသူမှတဆင့် ကျောင်းသားရွေးချယ်ရေးအဖွဲ့သို့ ပြန်လည်ပေးပို့ပါရန် အသိပေးအပ်ပါသည်။ အောက်ပါအချက်အလက်များကို မှန်ကန်စွာဖော်ပြပေးခြင်းနှင့် ကူညီမှုများအတွက်လည် အထူးကျေးဇူးတင်ပါသည်။

---

### လက်ရှိပါဝင်နေသော အသင်းတော်မှ သင်းအုပ် (သို့) ဓမအမှုတော်ဆောင် (သို့) အဖွဲ့အစည်းမှတာဝန်ရှိသူ ဖြည့်စွက်ရန်

အမည် ____________________

အလုပ်အကိုင် ____________________

ရာထူး ____________________

နေရပ်လိပ်စာအပြည့်အစုံ ______________________________

______________________________

ဖုန်းနံပါတ် ____________________

၁။ ကျောင်းဝင်ခွင့်လျှောက်ထားသူနှင့် မည်သည့်အချိန်မှစတင် သိကျွမ်းခဲ့ပါသနည်း။

______________________________

၂။ ကျောင်းဝင်ခွင့်လျှောက်ထားသူနှင့် မည်ကဲ့သို့ ပတ်သက်ဆက်နွယ်နေပါသနည်း။

______________________________

၃။ ကျောင်းဝင်ခွင့်လျှောက်ထားသူနှင့် မည်မျှရင်းနှီးမှုရှိပါသနည်း။

☐ ကောင်းမွန်စွာ ☐ သာမန်မျှသာ ☐ ရင်းနှီးမှုမရှိပါ

၁၂။ လျှောက်ထားသူ၏ အဓိကအားသာချက်များရှိလျှင် ဖော်ပြပါ။

________________________________________

________________________________________

၁၃။ လျှောက်ထားသူနှင့်ပတ်သက်၍ အခြားအသိပေးလိုသော အရေးကြီးသော အချက်အလင်များရှိပါက တင်ပြပါ။

________________________________________

________________________________________

ဤကျောင်းတက်ရောက်ခွင့်လျှောက်ထားသူအား ကျွန်ုပ်ကောင်းစွာ သိကျွမ်းပါကြောင်းနှင့် အထက်ပါအချက်များကို အရှိအတိုင်း ခရစ်တော်၏နာမ၌ မေတ ာဖြင့်တင်ပြခြင်း ဖြစ်ပါသည်။

ထောက်ခံသူ၏ လက်မှတ် ____________________

ထောက်ခံသူ၏ အမည် ____________________

နေ့စွဲ ____________________

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ ပိုင်းခြားနားလည်စွမ်းရှိမှု။ | ၀<br>မသိပါ | ၁<br>အလွန်အားနည်း | ၂<br>သာမန်အောက် | ၃<br>သာမန်အဆင့် | ၄<br>သာမန်အထက် | ၅<br>အများနှင့်မတူဘဲ ပိုမိုထူးခြားသည်။ |
| ၂။ တီထွင်ဖန်တီးနိုင်မှု။ | ၀<br>မသိပါ | ၁<br>အလွန်အားနည်း | ၂<br>အနည်းငယ်မျှသာ | ၃<br>သာမန်အဆင့် | ၄<br>တီထွင်ဖန်တီးမှု စိတ်ကူးစိတ်သန်း ကောင်းမွန်သည်။ | ၅<br>အဆင့်အတန်းမြင့်မားစွာ ထူးခြားသောတီထွင်ဆန်းသစ်မှုစိတ်ကူးပုံဖော်မှုများလုပ်ဆောင်နိုင်သည်။ |
| ၃။ လူမှုဆက်ဆံရေး။ | ၀<br>မသိပါ | ၁<br>မိမိစိတ်ကူးထင်မြင်ချက်များကိုသူတစ်ပါးနားလည်အောင်ပြောပြနိုင်သည်။ | ၂<br>မိမိထင်မြင်ချက်များကို သူတစ်ပါး နားလည်အောင် ပြောပြရန် ခက်ခဲသည်။ | ၃<br>မိမိထင်မြင်ချက်များကို ယုတ္တိရှိရှိ အချက်ကျကျပြောပြနိုင်သည်။ | ၄<br>ရှုပ်ထွေးသော အတွေးအခေါ်များ ကိုပင်သူတစ်ပါးနားလည်အောင် ပြောပြတတ်သည်။ | ၅<br>ထူးခြားပြောင်မြောက်စွာ ရှုပ်လုံးဖော်ပြောဆို တင်ပြတတ်သည်။ |
| ၄။ အဂလိပ်စကားပြော။ | ၀<br>မသိပါ | ၁<br>အလွန်အားနည်း | ၂<br>သာမန်အောက် | ၃<br>သာမန်အဆင့် | ၄<br>ကောင်းမွန်အဆင့် | ၅<br>ထူးခြားကောင်းမွန်အဆင့် |
| ၅။ အဂလိပ်အရေးအသား။ | ၀<br>မသိပါ | ၁<br>အလွန်အားနည်း | ၂<br>သာမန်အောက် | ၃<br>သာမန်အဆင့် | ၄<br>ကောင်းမွန်အဆင့် | ၅<br>ထူးခြားကောင်းမွန်အဆင့် |
| ၆။ သင်ကြားခံယူနိုင်မှု။ | ၀<br>မသိပါ | ၁<br>အခြားသူများထံမှ ခံယူလိုစိတ် မရှိ။ | ၂<br>ခံယူလိုစိတ် အနည်းငယ်သာရှိသည်။ | ၃<br>ခံယူလိုစိတ် သာမန်မျှ ရှိသည်။ | ၄<br>အမှန်တကယ် သင်ကြားခံယူ လိုစိတ်ရှိသည်။ | ၅<br>ခံယူလိုစိတ် ပြင်းပြသည်။ |
| ၇။ တာဝန်ယူနိုင်စွမ်းရှိမှု။ | ၀<br>မသိပါ | ၁<br>တာဝန်ယူနိုင်မှု မရှိပါ။ | ၂<br>အနီးကပ်ကြီးကြပ်မှုရှိမှ တာဝန်ယူနိုင်စွမ်းရှိသူ | ၃<br>ကြီးကြပ်မှုမရှိသော် လည်း အချို့သော တာဝန်များကို ပြီးစီး အောင်လုပ်နိုင်စွမ်းရှိသူ | ၄<br>ကြီးကြပ်မှုမရှိသော် လည်းတာဝန်အများ စုကိုပြီးစီးအောင် လုပ်နိုင်စွမ်းရှိသူ | ၅<br>ကြီးကြပ်မှုမလိုဘဲ အလုပ်အားလုံးကို ပြီးစီးအောင် လုပ်နိုင်သူ |
| ၈။ အများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။ | ၀<br>မသိပါ | ၁<br>အများနှင့်အတူပူးပေါင်း လုပ်ဆောင်လေ့မရှိပါ။ ဆက်ဆံရေးညံ့သည်။ | ၂<br>အများနှင့်ပူးပေါင်းလုပ်ဆောင်ရာတွင်အခက်အခဲရှိသည်။ သူတစ်ပါးအားအကြံပေးရန်သာ စိတ်ထက်သန်/အဖွဲ့အတွင်း စိတ်ကျဉ်းကြပ်မှုများဖြစ်သည်။ | ၃<br>အများနှင့်ကောင်းစွာ ဆက်ဆံနိုင်သော်လည်း သာမန်မျှသာ ပါဝင် ပူးပေါင်းလေ့ရှိသည်။ | ၄<br>အများနှင့်ကောင်းစွာ ဆက်ဆံပူးပေါင်း၍ ကောင်းစွာပါဝင်လုပ် ဆောင်သည်။ | ၅<br>အများနှင့်ကောင်းစွာ ပေါင်းသင်းဆက်ဆံနိုင်ရုံမက ဘဲ သာမန်ထက်ထူးကဲစွာ ပါဝင်လုပ်ဆောင်နိုင်မှုရှိသည်။ |
| ၉။ ဇွဲလုံ့လရှိမှု။ | ၀<br>မသိပါ | ၁<br>မကြာခဏအားပေး အားမြောက်ပြုသော်လည်း စိတ်ပျက်လွယ်သည်။ | ၂<br>မကြာခဏစိတ်အားလျော့လွယ်သည်။ | ၃<br>ရံဖန်ရံခါ အားလျော့စိတ်ပျက် တတ်သည်။ ဇွဲလုံ့လရှိရန် တိုက်တွန်းရသည်။ | ၄<br>စိတ်ဓာတ်ကျသည်ဟူ၍ မရှိသလောက် နည်းသည်။ တိုက်တွန်း ရသည့်အခါ ရှိသော်လည်းနည်းသည်။ | ၅<br>မည်သည့်အခါမျှ စိတ်ဓါတ်မကျပါ။ ဇွဲလုံ့လရှိဖို့ တိုက်တွန်းရန် မလိုပါ။ |
| ၁၀။ ခေါင်းဆောင်နိုင်စွမ်း။ | ၀<br>မသိပါ | ၁<br>ခေါင်းဆောင်ရန်ဆန္ဒ စိတ်ဝင်စားမှု မရှိပါ။ | ၂<br>ခေါင်းဆောင်နိုင်စွမ်း အနည်းငယ်မျှသာရှိသည်။ | ၃<br>ခေါင်းဆောင်နိုင်ရန်ကြိုးစားမှုရှိသည်။ သို့သော် ခေါင်းဆောင် ဖြစ်နိုင်စွမ်းမရှိပါ။ | ၄<br>ခေါင်းဆောင်နိုင်မှုအလား အလာရှိသည်။ | ၅<br>အမြဲတမ်းခေါင်းဆော င်လုပ်နေတတ်သည်။ |
| ၁၁။ စိတ်ဓါတ်ကျခံစားမှု။ | ၀<br>မသိပါ | ၁<br>အမြဲတမ်းစိတ်ဓါတ်ကျ နေသည်။ | ၂<br>မကြာမကြာ စိတ်ဓါတ်ကျသည်။ | ၃<br>တစ်ခါတစ်ရံမှသာ စိတ်ဓါတ်ကျသည်။ | ၄<br>စိတ်ဓါတ်ကျခဲသည်။ | ၅<br>မည်သည့်အခါမှ စိတ်ဓါတ်မကျပါ။ |